GS1 Myanmar

## Barcode Express Service

လုပ်ငန်းလိုအပ်ချက်များကြောင့် GS1 Barcode နံပါတ်များကို အမြန်လိုအပ်ခြင်း၊ အသင်းမှ သတ်မှတ်ထားသည့် ပုံမှန်သင်တန်းချိန်အတိုင်း တက်ရောက်ရန်အချိန်အခက်အခဲရှိခြင်း စသည့် အသင်းဝင်များ၏အဆင်မပြေမှုများအား ကူညီနိုင်စေရန် ရည်ရွယ်၍ GS1 Myanmar မှ Barcode Express Service ကိုဆောင်ရွက်ပေးခြင်းဖြစ်သည်။

Barcode Express Service မှတဆင့် အသင်းဝင်များအား ပုံမှန် Training အချိန်ဇယားအတိုင်း စောင့်ဆိုင်းရန်မလိုဘဲ အချိန်တိုအတွင်း လိုအပ်သော Barcode Training စီစဉ်ပေးပြီး GS1 Company Prefix နံပါတ်များ ထုတ်ယူပေးခြင်းကို ကူညီဆောင်ရွက်ပေးခြင်းဖြစ်သည်။

## ဝန်ဆောင်ခနှုန်းထား

| | ဈေးနှုန်း (ကျပ်) | ကုန်သွယ်လုပ်ငန်းခွန် ၅% (ကျပ်) | စုစုပေါင်း (ကျပ်) |
|---|---|---|---|
| အသင်းဝင်အသစ် | ၅၀,၀၀၀ | ၂,၅၀၀ | ၅၂,၅၀၀ |
| လက်ရှိအသင်းဝင် | ၃၀,၀၀၀ | ၁,၅၀၀ | ၃၁,၅၀၀ |

ဤဝန်ဆောင်ခသည် သက်ဆိုင်ရာ Membership Fee နှင့် Barcode ဆိုင်ရာ သတ်မှတ်ထားသော ဝန်ဆောင်ခများအပြင် ထပ်မံပေးသွင်းရမည့် ဝန်ဆောင်ခဖြစ်ပါသည်။

## ကျသင့်ငွေပေးဆောင်ခြင်း

- ဝန်ဆောင်မှုမစတင်မီ ဝန်ဆောင်ခကို အသင်းသို့ အပြည့်အဝပေးသွင်းရမည်။
- ဝန်ဆောင်ခပေးသွင်းပြီးနောက် ဝန်ဆောင်မှုကို မရယူဖြစ်ပါက သို့မဟုတ် ရပ်ဆိုင်းလိုပါကပေးသွင်းထားသော ဝန်ဆောင်ခအား ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

## Barcode Express Service ဝန်ဆောင်မှုပေးမည့်အချိန်နှင့် သတ်မှတ်ချက်များ

- နေ့လည် ၁၂:၀၀ နာရီ မတိုင်မီ Barcode Express Service လျှောက်ထားခြင်းနှင့် ဝန်ဆောင်ခ ပေးချေမှု ပြီးစီးထားသော လုပ်ငန်းများအား သတ်မှတ်ထားသော စာရွက်စာတမ်းများ ပြည့်စုံပြီး စိစစ်အတည်ပြုပြီးပါက အဆိုပါနေ့အတွင်း သင်တန်းပို့ချပေး၍ ဘားကုဒ်နံပါတ်များ ထုတ်ပေးမည်။
- နေ့လည် ၁၂:၀၀ နာရီ နောက်ပိုင်း လျှောက်ထားခြင်း သို့မဟုတ် ဝန်ဆောင်ခပေးချေမှုပြီးစီးသော လုပ်ငန်းများအား နောက်နေ့ရုံးဖွင့်ရက်တွင် သင်တန်းပို့ချပေး၍ ဘားကုဒ်နံပါတ်များ ထုတ်ပေးမည်။
- နောက်တနေ့သည် အများပြည်သူ ရုံးပိတ်ရက် သို့မဟုတ် အသင်းရုံးပိတ်ရက် ဖြစ်ပါက အစောဆုံး ရုံးပြန်လည်ဖွင့်လှစ်သည့်နေ့တွင် ဝန်ဆောင်မှုပေးပါမည်။
- Barcode Express Service အား GS1 Myanmar သတ်မှတ်ထားသော ရုံးချိန်အတွင်းသာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရုံးပိတ်ရက်များတွင် ဝန်ဆောင်မှုပေးနိုင်မည် မဟုတ်ပါ။
- လျှောက်ထားသူများအနေဖြင့် လျှောက်လွှာတင်သွင်းခြင်း၊ လိုအပ်သော စာရွက်စာတမ်းများ ပေးပို့ခြင်းနှင့် ဝန်ဆောင်ခအပြည့်အဝ ပေးချေခြင်းတို့ ပြီးစီးမှသာ Barcode Express Service ကို စတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။
- သင်တန်းပို့ချပေးမည့်အချိန်သည် လျှောက်ထားသူ၏ အချိန်ရရှိနိုင်မှုနှင့် GS1 Myanmar ဝန်ထမ်းများ၏ အချိန်ရရှိနိုင်မှုအပေါ် မူတည်၍ ကြိုတင်ညှိနှိုင်းသတ်မှတ်နိုင်ပါသည်။

- ဖော်ပြပါ ဝန်ဆောင်မှုပေးမည့်အချိန်များသည် စာရွက်စာတမ်းစိစစ်မှု၊ ငွေပေးချေမှုအတည်ပြုခြင်း၊ ဝန်ထမ်းများ၏ အချိန်ရရှိနိုင်မှုနှင့် GS1 Myanmar ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအပေါ် မူတည်၍ ပြောင်းလဲနိုင်ပါသည်။
- ဝန်ဆောင်မှုလျှောက်ထားသော အသင်းဝင်များသည် GS1 Myanmar ရုံးသို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ Online မှတစ်ဆင့်ဖြစ်စေ လိုအပ်သော Barcode Training အား တက်ရောက်နိုင်သည်။

## Barcode Express Service

To support members who urgently require GS1 Barcode numbers for their business needs or who face difficulties attending the regular training schedule arranged by GS1 Myanmar, GS1 Myanmar provides the Barcode Express Service.

Through the Barcode Express Service, members do not need to wait for the regular training schedule. GS1 Myanmar will arrange the required Barcode Training within a shorter timeframe and assist members in obtaining their GS1 Company Prefix numbers in a timely manner.

**Service Fee**

| | Fee | Commercial Tax (5%) | Total |
|---|---|---|---|
| New Member | 50,000 | 2,500 | 52,500 |
| Existing Member | 30,000 | 1,500 | 31,500 |

Currency: MMK

This service fee is an additional charge payable on top of the applicable Membership Fee and the prescribed fees related to GS1 Barcode services

**Payment Terms**

- The service fee must be fully paid to GS1 Myanmar before the service commencement.
- If the service is not utilized or the member wishes to discontinue the service after payment has been made, the paid service fee will not be refundable.
-

**Barcode Express Service Processing Time and Conditions**

- Applications submitted and payment completed before 12:00 PM (noon) will be processed on the same business day. The applicant will receive the required training session and barcode numbers on the same day, subject to completion of all required documents and verification.
- Applications submitted or payments completed after 12:00 PM (noon) will be processed on the next available business day. The training session and barcode numbers will be provided on the next available business day after confirmation of payment.
- If the next available business day falls on a public holiday or office closure day, the service will be provided on the earliest available business day after the holiday.
- The Barcode Express Service is available during official GS1 Myanmar office hours only and excludes public holidays and non-working days.
- Applicants are required to complete the application process, submit all necessary documents, and make full payment before the service can be provided.
- The actual service schedule may be adjusted based on the availability of both the applicant and GS1 Myanmar. Applicants are required to coordinate and confirm the training schedule in advance.

- The stated processing time may be subject to change depending on staff availability, document verification, payment confirmation, and operational requirements of GS1 Myanmar.
- Members applying for the Barcode Express Service may attend the required Barcode Training either in person at the GS1 Myanmar office or online through the available online platform